# သမ္မသနဉာဏ်

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်တရားတို့ကို တစ်ပေါင်းတည်း အကျဉ်းချုံး၍ အနိစ္စ ဒုက္ခ အနတ္တ ဟု ပိုင်းခြားဆုံးဖြတ်သော အသိပညာသည် သမ္မသနဉာဏ်ဖြစ်၏။

အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

(ပဋိသမ္ဘိဒါမဂ်၊၁)

ပစ္စက္ခဉာဏ်ကဲ့သို့ အသီးသီး မရှုမူ၍ အပေါင်းလိုက်အားဖြင့် ရှုဆင်ခြင်သောကြောင့် ဤသမ္မသနဉာဏ်ကို ကလာပသမ္မသနဉာဏ်ဟုဝင်း၊

မျက်မှောက်မြင်ပြီးသော ရုပ်နာမ်မှ နည်းမှီ၍ ရှုဆင်ခြင်အပ်သောကြောင့် နယဝိပဿနာနည်း ဟု ဝင်း၊

သင်္ခါရတရားတစ်ခုကိုသော်လည်း မမြဲသည်၏အဖြစ်ကို ပစ္စက္ခဉာဏ်ဖြင့် မြင်ပြီးသည့်အခါ အလုံးစုံသော သင်္ခါရတရားတို့ကို မမြဲဟု ကြွင်းသော သင်္ခါရတရားတို့၌ နည်းမှီ၍ နလုံးသွင်းခြင်းကြောင့် နယမနသိကာရ ဟုဝင်း၊ နည်းမှီ၍ ရှုခြင်းကြောင့် နယဒဿနဟုဝင်း၊ ခေါ်၏။

## ပဌမဝါရ ရှုနည်း

(ပဋိသမ္ဘိဒါမဂ်၊၅၁)

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်
အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ဖြစ်သောရုပ်
ဩဠာရိက၊ သုခုမဖြစ်သောရုပ်
ဟီန ပဏီတဖြစ်သောရုပ်
ဒူရ သန္တိကဖြစ်သောရုပ်အားလုံးကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဆင်ခြင်သုံးသပ်သော ဉာဏ်ဖြစ်၏။

## ဒုတိယဝါရ ရှုနည်း

(ပဋိသမ္ဘိဒါမဂ်၊၅၁)

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်သည်
ကုန်ဆုံး ပျက်စီးသွားသောကြောင့် အနိစ္စ၊ ကြောက်ဖွယ်ကောင်းသောကြောင့် ဒုက္ခ၊
ငါ ကောင် အတ္တကောင်ဟုဆိုဖွယ်ရာ အနှစ်သာရ မရှိသောကြောင့် အနတ္တ ဟု အကျဉ်းချုံး၍
ပိုင်းခြားဆုံးဖြတ်သော အသိဉာဏ်ဖြစ်၏။

## တတိယဝါရ ရှုနည်း

(ပဋိသမ္ဘိဒါမဂ်၊၅၂)

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်သည် မမြဲ၊
ဆိုင်ရာအကြောင်းတရားတို့ ပေါင်းဆုံတိုက်ဆိုင်၍ ပြုအပ်သော တရားဖြစ်၏၊
အကြောင်းတရားကို မှီ၍ ဖြစ်ပေါ်လာသောတရားဖြစ်၏၊
ကုန်ဆုံးပျက်စီး ပျောက်ပြယ် ချုပ်ကွယ်ခြင်းသဘောရှိ၏ ဟု အကျဉ်းချုံး၍
ပိုင်းခြားဆုံးဖြတ်သော အသိဉာဏ်ဖြစ်၏။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း နည်းတူဟော၏။
ဒွါရ(၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါး စသည်တို့၌လည်း နည်းတူပင် ဝါရ (၃)ခုစီ ဟောထား၏။

## စတုတ္ထဝါရ ရှုနည်း

(ပဋိသမ္ဘိဒါမဂ်၊၅၂)

ရုပ်နာမ်တရားတို့ကို ရှုမှတ်လျှက် ဖြစ်မှု တည်မှု ပျက်မှုတို့ကို ရှင်းလင်းစွာ သိရသောအခါ၌ မွေးလာခြင်းကြောင့် အိုမှု သေမှု ဖြစ်ရ၏၊ မွေးမှုမရှိလျှင် အိုမှု သေမှုသည် မရှိ၊ ဖြစ်မှုရှိ၍ တည်မှု ပျက်မှုရှိရ၏၊ ဖြစ်မှုမရှိလျှင် တည်မှု ပျက်မှုသည် မဖြစ်ဟု ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၂)ရပ်ကို အကြောင်း အကျိုး စပ်လျှက် ကာလသုံးပါး၌ ချုံး၍ ဆင်ခြင် ဆုံးဖြတ်သောဉာဏ်ဖြစ်၏။